


# ပူကြူးလေးရဲ့ စူပါဒယ်ဒီ

(Chapter 27 - 40)

စာစဉ် – ၃

## အပိုင်း (၂၇)

## လှပသေသပ်စွာ ပြီးမြောက်သွားပြီ။

ရှုရှီယန် သူမ၏နှာခေါင်းအားပွတ်နေကာ မည်သို့မည်ပုံခံစားသင့်မှန်းပင် သူမ မသိတော့ပေ။ သူမ၏ ရှုးကြောင်သောဟာသများသည် ယင်ဘာအို၏ ကြီးပြင်းလာမှုနှင့် ပညာရေး၌ ထိခိုက်သွားမည်ကို စိုးရိမ်နေသည်။

သူမတို့အားလုံး အိမ်အဝင်ပေါက်မှ အိမ်ထဲသို့ ဝင်လာသည်။ ဖန်ရှောင်ချန် ချက်ချင်းပင် သူမ၏ နေ့စဉ်အိမ်အလုပ်များဖြင့် စတင် အလုပ်ရှုပ်နေပေသည်။ ထိုနေ့တစ်ညလုံး ရှုရှီယန် မည်သို့မည်ပုံဖြစ်ခဲ့ကြောင်း တစ်ခွန်းမှ မမေးပေ။ ရှုရှီယန်သည်သာ မနေနိုင်၍ မေးလိုက်ရသည်။

"လိမ္မော်သီး။ ငါ့ကို စိတ်မပူဘူးလား။ ငါ မနေ့ညက ပြန်မလာခဲ့ဘူးလေ။"

"တစ်စက်ကလေးမှဘဲ။ ပြီးတော့ပြောရပါအုန်းမယ်၊ နင်က တကယ်ကို အံ့သြစရာတွေနဲ့ ပြည့်နေတာဘဲ။"

ရှုရှီယန် မည်သို့မည်ပုံ ပြန်တုန့်ပြန်ရမှန်းမသိတော့ချေ။

"ကိုယ့်ဘာသာ သာကြည့်တော့။"

ရှုရှီယန်အား သတင်းစာတစ်စောင်ကမ်းလျက် ဖန်ရှောင်ချန်ပြောလိုက်သည်။ ရှုရှီယန် ထိုသတင်းစာအား ကြည့်လိုက်ကာ ခေါင်းစီးပိုင်းကို မြင်သည်နှင့် ချက်ချင်းအံ့သြသွားသည်။

"အနုပညာကုမ္ပဏီတစ်ခု၏ ဥက္ကဌ ပြင်းထန်စွာ တိုက်ခိုက်ခံရ"ဟု သတင်းခေါင်းစီးတွင် ဖော်ပြထားသည်။

ခွီး..

ထိုအရာအားဖတ်ပြီးသည်နှင့် ရှုရှီယန် မထိန်းနိုင်ကာ နှာမှုတ်သံများနှင့် အတည်ပင် ရယ်မောနေမိသည်။ သူမ ထိုးလိုက်ခြင်းကိုခံပြီးနောက် ချူယု ဟီ သတင်းခေါင်းစီးတွင် ဤသို့ပါလာမည်ဟု မတွေးထားပေ။

ယင်ဘာအိုသည် သူတို့၏အနီးနားတွင်ရှိကာ သူတို့၏စကားပြောနေမှု အား သတိမမူမိပေ။ ဖန်ရှောင်ချန်သည် ယင်ဘာအို၏ ဆံပင်များအားဖီး ပေးနေကာ ရယ်လျက် ရှုရှီယန်အား ရှင်းပြလိုက်သည်။

"အမှန်တိုင်းပြောရရင် ငါ နင့်ကို စိတ်ပူတာပေါ့။ အဲ့ ချူလူ နင့်ကို တစ်ခုခု လုပ်လိုက်မှာ စိုးနေတာ။ ငါ နင့်ကို ဖုန်းခေါ်တယ်။ ဒါပေမယ့် ခေါ်လို့မရ ဘူး။ဖုန်းက မဝင်ဘူးဖြစ်နေတာ။ အဲတာနဲ့ နင် ဖုန်းအားကုန်သွားပြီလို့ သိ လိုက်တာဘဲ။"

"ငါ တစ်ညလုံး စိတ်ပူနေတာ။" သူမဆက်ပြောသည်။

"သတင်းကို တွေ့တွေ့ချင်း ငါ ရဲစခန်းသွားတော့မလို့။ နောက်မှ စိတ်လျော့ ပြီး သက်သာသွားတာ။ အခု ငါနင့်ကို စကားနှစ်လုံးဘဲပြောချင်တယ်။ လှပ စွာ အဆုံးသတ်ခဲ့တယ်။ ဒါဘဲ။"

"ကျေးဇူးပါဘဲဟာ။"

ထိုသတင်းနှင့်ပင် သူမအား ကောင်းကင်သို့ပစ်တင်လိုက်သလိုပင် ရှုရှီ ယန်ခံစားရကာ ပျော်ရွှင်ကျေနပ်နေသည်။

ဟား..ဟား..

"အရမ်းလည်း အပျော်လွန်မနေနဲ့အုန်း။ ချူယုဟီက ရဲစခန်းသွားပြီး နင် ကိုတိုင်လိုက်လို့ ရဲတွေလာရှာရင် ဘယ်လိုလုပ်မလဲ"

ချူယုဟီသည် ရှုရှီယန်အား ဤကဲ့သို့ အလွယ်တကူလွတ်ပေးမည် မဟုတ်

သောကြောင့် ဖန်ရှောင်ချန် သံသယဝင်နေလေသည်။ နောက်ဆုံး ဤမတော်တဆမှုတွင် ချူယုဟီ ဒဏ်ရာရခဲ့သည်။ ချူယုဟီသာ တရားရုံးသို့ သွား၍ ရှုရှီယန်အား တရားစွဲပါက သူမအတွက် အလွန်အန္တရာယ်များပေသည်။

"ငါ့ကိုလိုက်ရှာမယ်။ ငါက ကိုယ့်ကိုကိုယ် ကာကွယ်ရုံခဲ့တာဘဲ။ သူ ရဲကိုမခေါ်ရဲပါဘူး။"

ရှုရှီယန် မစိုးရိမ်ပေ။ ချူယုဟီ၊ သူ၏တင်းပါး၌ ပုလင်းအကွဲဖြင့် အထိုးခံခဲ့ရပြီးလေပြီ။ ထိုအကြောင်းသည်ပင် သူ့အား အရှက်ရစေလိမ့်မည်။ ရဲကိုလည်းခေါ်ရဲမည်မဟုတ်ပေ။ လူအများ၏ လှောင်ပြောင်သံနှင့် အကြည့်ကိုပင် မျက်နှာချင်းဆိုင်နိုင်လိမ့်မည်မဟုတ်။ ရှုရှင်းရှိအား မည်သို့မည်ပုံဖြေရှင်းနေမည့်အကြောင်းအား သိချင်နေသည်။ ဘယ်လောက်တောင် ရှက်ဖို့ကောင်းတာလဲ။

"နင် ပြောတာမှန်မယ်လို့ မျှော်လင့်ပါတယ်ဟယ်။ တကယ်လို့ အဲ့ကောင်ရဲကိုခေါ်လာရဲတယ်ဆိုရင် သူနဲ့ အရင်တွေ့မယ့်သူက ငါဘဲဖြစ်လိမ့်မယ်။"

ဖန်ရှောင်ချန်သည် တရားသဖြင့် ဒေါသထွက်ကာ ပြောလိုက်သည်။

"သက်သေအနေနဲ့ငါလိုက်ပေးပြီး အဲ့အကောင် အစကနေ နင့်အပေါ်ဘာလုပ်ခဲ့တယ်ကို အကုန်ပြောပစ်မယ်။ ဒီနေ့ကော တစ်ခုခု စီစဉ်ထားတာရှိလား။ ယင်ဘာအိုနဲ့ ဒီနေ့ အပြင်ထွက်လည်ကြမလား။"

"အမ်။ ဒီနေ့တော့ ငါအချိန်မရဘူး။"

သူမတွင် အလုပ်များတန်းစီနေသည်ကို မေ့လုနီးနီးပင်ဖြစ်နေသည်။

"ဖျော်ဖြေရေးတစ်ခုမှာ အစားထိုးစတန့်သရုပ်ဆောင်လုပ်ဖို့ အလုပ်ရထားတာ။ လူနှစ်ယောက်နေဖို့ထိုင်ဖို့ စားဖို့ ငါရှာရအုန်းမယ်လေ။ ငါသွားရတော့

မယ်။"

"တကယ်ကို စောက်ကျိုးနည်း အလုပ်သရဲဘဲ။"

သူမ နိုင်ငံခြားကပင် ပြန်ရောက်ရုံရှိသေးသော်လည်း ပျားတစ်ကောင်ကဲ့သို့ပင် အလုပ်များနေသည်။

အဲ့လောက်ကို သူမ တအားလွန်လွန်းနေတာလား။

"ငါက ဘာလုပ်လို့ရမှာလဲ။ ငါမှာ ကျွေးရမယ့်ကလေးရှိတယ်လေ။ ငါက သန်မာချင်ပြီး သူများကို အားမကိုးရုံတမယ်လုပ်နေတာပါ။"

သစ္စာဖောက်မှုနှင့် အနိုင်ကျင့်မှုများကို လွန်ခဲ့သောငါးနှစ်တွင် ရှုရှိယန်ခံစားရခဲ့ကာ ထိုအရာများသည် သူမအား မည်သူတစ်ဦးတစ်ယောက်ပေါ်မျှ အထူးသဖြင့် ယောကျ်ားများအပေါ် မအားကိုး၊ မယုံကြည်ရန် သင်ပေးလိုက်ခြင်းဖြစ်သည်။

ယောကျ်ားများအပေါ် ရှင်သန်နေထိုင်ရန်အတွက် ဘယ်သောအခါမျှ မမှီခိုရန် သူမ ဆုံးဖြတ်ထားသည်။ သူမ အလုပ်ကြိုးကြိုးစားစားလုပ်မည်။ ချမ်းသာ၍ငွေရှိလာလျှင် သူမလုပ်ချင်၊ လိုချင်သည့် အရာအားလုံးအား ရနိုင်ပေမည်။

သူမတို့သားအမိနှစ်ယောက်သည် လိုင်းပေါ်မှရသောဝင်ငွေဖြင့် နေထိုင်နိုင်ခဲ့ခြင်းပေ။ သို့သော် ထိုပိုက်ဆံသည် အသက်ရှင်နေထိုင်ရန်အတွက် မလုံလောက်ပေ။ ပေကျင်းတွင် အိမ်တစ်လုံးဝယ်ချင်ပါက သူမ ပိုက်ဆံရှိအောင်ကြိုးစားရပေမည်။ အိမ်တစ်လုံးပိုင်လိုက်ခြင်းသည် လုံခြုံစိတ်ချမှုအား ခံစားရကာ ကောင်းကောင်းတန်ပေသည်။ သူမတို့သားအမိ တစ်နေရာမှတစ်နေရာ ပြောင်းရွှေ့စရာပင် မလိုပေ။

"ဟုတ်ပါပြီ။ဟုတ်ပါပြီ။" ဖန်ရှောင်ချန်ပြောလိုက်သည်။

"နင့်ကို ကားနဲ့ ပို့ပေးမယ်လေ။"

ရှုရှီယန်၏ အလွန်အမင်းအလုပ်ကြိုးစားမှုအား သဘောမကျပါသော်လည်း သူမသည် သူငယ်ချင်းကောင်းတစ်ယောက်ပေ။ ထို့ကြောင့်ပင် သူမအား ကားနှင့်လိုက်ပို့ပေးချင်သည်။

ရိုက်ကွင်းအားရောက်သည့်အခါ ယင်ဘာအိုအား ဖန်ရှောင်ချန်ထံတွင် အပ်ထားလေသည်။ သူတို့နှစ်ယောက်အား ကားထဲတွင်စောင့်စေကာ သူမ ကားထဲမှထွက်လိုက်သည်။

"နတ်ဆိုးရဲ့ရင်းမြစ်"ဟုသော ရိုက်ကွင်းတစ်ခုတွင် သူမရောက်ရှိနေသည်။ ရိုက်ကွင်းတာဝန်ခံ၊ မစ္စတာရှင်းအား တွေ့လိုက်သည်နှင့် သူမ မိတ်ဆက်လိုက်သည်။

မစ္စတာရှင်းသည် သူမ၏ စာရွက်များအားကြည့်ပြီးနောက် သူမအား ခြေပြန်ခေါင်းပြန်ကြည့်လေသည်။

ဘယ်လိုတောင် နုနယ်လှပပြီး ကြည့်ကောင်းတဲ့ အလှတရားပါလိမ့်။ ရဲမေအနေနဲ့ စတန့်သမားလုပ်ရမှာ၊ သူမက လုပ်နိုင်လောက်မှာလား။

"မင်း လုပ်နိုင်လို့လား။ အရမ်းပိန်တယ်နော်။"

မစ္စတာရှင်း မသေချာ၊ မရေရာစွာ သူမအားကြည့်လာသည်။

***